FPB
First Private Bank

ပထမ ပုဂ္ဂလိက ဘဏ် လီမိတက်

No. 619 ~ 621, MERCHANT STREET, (Corner of Merchant Street & Bo Soon Pat Street)
PABEDAN TOWNSHIP. YANGON. UNION OF MYANMAR.

TELEPHONE : 095-1-376 451 ~ 452 / 378 267 ~ 269
095-1-251 748 ~ 749 / 246 786
FAX : 095 -1- 242 320 / 250 148
Website : www.firstprivatebank.com.mm
e-mail : hofirst.office@fpb.com.mm
admindept.ho@fpb.com.mm

# အမှုဆောင်အရာရှိချုပ်တာဝန်မှ အနားယူကြောင်း အသိပေးကြေညာခြင်း

ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ အမှုဆောင်အရာရှိချုပ်အဖြစ် တာဝန်ထမ်းဆောင်လျှက်ရှိသော ဦးမြင့်ဇော်သည် အလုပ်တာဝန်မှအနားယူခွင့်ပြုရန် ၎င်း၏ဆန္ဒအရ တင်ပြထားခြင်းကို ပထမပုဂ္ဂလိကဘဏ် ဒါရိုက်တာအဖွဲ့၏ (၁၇.၁.၂၀၂၃)နေ့တွင် ကျင်းပပြုလုပ်သည့် (၁/၂၀၂၃)နှင့် (၂၇.၅.၂၀၂၃)နေ့တွင် ပြုလုပ်သည့် (၅/၂၀၂၃)အကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအရ (၁.၇.၂၀၂၃)ရက်နေ့မှစ၍ အနားယူခွင့်ပြုရန် ဆုံးဖြတ်ပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးမြင့်ဇော်သည် ဘဏ်တွင် အလုပ်စတင်ထမ်းဆောင်သည့်အချိန်မှစ၍ ယနေ့အချိန်အထိ ပထမပုဂ္ဂလိကဘဏ်၏ ယုံကြည်အားကိုးရသူတစ်ဦးဖြစ်ပြီး ဘဏ်လုပ်ငန်းဆောင်ရွက်မှုများအတွက် ထိထိရောက်ရောက် စီမံခန့်ခွဲခဲ့သည့်အပြင် ရန်ကုန်စတော့အိပ်ချိန်းစာရင်းဝင်ဘဏ်တစ်ခု ဖြစ်လာရန် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း အဓိကအခန်းကဏ္ဍမှ ပါဝင်လုပ်ဆောင်ခဲ့သူဖြစ်သဖြင့် အဆိုပါဆောင်ရွက်ခဲ့မှုများအတွက် ဒါရိုက်တာအဖွဲ့မှ ကျေးဇူးတင်စွာဖြင့် မှတ်တမ်းတင်အပ်ပါသည်။

ဒါရိုက်တာအဖွဲ့အနေဖြင့် အမှုဆောင်အရာရှိချုပ်အသစ်ကို ခန့်အပ်နိုင်ရန် စီစဉ်လျက်ရှိပြီး ခန့်အပ်ပြီးပါက အသိပေးကြေညာသွားမည်ဖြစ်ပါသည်။ ဘဏ်လုပ်ငန်းများ ကောင်းမွန်စွာ ဆက်လက်လည်ပတ်နိုင်ရန်အတွက် အမှုဆောင်အရာရှိချုပ် ဦးမြင့်ဇော်၏ အလုပ်တာဝန်များကို ဒုတိယအမှုဆောင်အရာရှိချုပ် ဦးမျိုးမင်းချိုမှ ယာယီလွှဲပြောင်း ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့၏ အမိန့်အရ

မိမိနိုင်
အတွင်းရေးမှူး
ဒါရိုက်တာအဖွဲ့
ပထမပုဂ္ဂလိကဘဏ်လီမိတက်
ရက်စွဲ။ ၂၀၂၃ခုနှစ်၊ ဇွန်လ (၁၄)ရက်